ဝန်ဇင်း
Read on the move

# သင့်အတွက် လူထုစကားပြောနည်း

မောင်မြတ်မိုး(မြန်မာပြန်)



# နိဒါန်း

စာအုပ်ခေါင်းစဉ်က သင့်ကို စွဲဆောင်သောကြောင့် ဤစာအုပ်ကို သင် တောင်းယူကောင်း တောင်းယူလိမ့်မည်။ ငှားရမ်းကောင်း ငှားရမ်းလိမ့်မည်။ ခိုးယူကောင်း ခိုးယူလိမ့်မည်။ သို့မဟုတ် ( ကျွန်တော်မျှော်လင့်သည် ) ဝယ်ယူကောင်း ဝယ်ယူလိမ့်မည်။ ဤအရာမှန်ကန်လျှင် အလွန်ကောင်းသည်။ ဤအရာက ပိုမိုကောင်းမွန်ပြီး ပိုမိုသွေးဆောင်မှုရှိသော ပြောဆိုဆက်ဆံသူတစ်ယောက် အမှန်တကယ် ဖြစ်လိုသောလူများအတွက် ရေးသားသော စာအုပ်တစ်အုပ်ဖြစ် သည်။ ၎င်းက တင်ပြချက် ဦးတည်သောလူ မည်သူမဆိုဆီသို့ သင်၏ရှုထောင့်အမြင် ရောက်သွားစေခြင်းနှင့် ပတ်သက်သည်။

၎င်းက လူတစ်ဦးခြင်းကိုထက် လူအတော်များများကို ပြောဆိုဆက်ဆံခြင်းအဖြစ် စကားပြောခြင်းအပေါ်တွင် အခြေခံနေသည်။ သို့သော် အမှုကိစ္စ အများစုတွင် တင်ပြချက်များ၊ အကြံပေးချက်များနှင့် အကြံအစည် စိတ်ကူးများက တိတိကျကျ တစ်ထပ်တည်းဖြစ်သည်။

လူထုရှေ့၌ သင်တစ်ခါမှ စကားမပြောဘူးလျှင်လည်း၊ ဆက်၍ဖတ်ပါ။ လူထုရှေ့၌ သင်ပြောဆိုဆက်ဆံရမည်ဆိုလျှင် တန်ဖိုးရှိသော အကူအညီတစ်ခုကို သင်ကိုင်ဆောင်ထားသည်။

*

# မိတ်ဆက်

ပါရမီထူးချွန်သော လူထုစကားပြောသူအဖြစ် တစ်စုံတစ်ယောက် မွေးဖွားလာခြင်းကို ကျွန်တော် မယုံကြည်ပါ။ လူထုစကားပြောခြင်းက ၎င်း၏ ကျွမ်းကျင်မှုများကို ရွေးချယ်ခံထားရသော လူအနည်းငယ်သာ အမွေဆက်ခံရလောက်အောင် ကံကောင်းသော လျှို့ဝှက်ဆန်းကြယ်သည့် အတတ်ပညာမဟုတ်ပါ။ လူအများရှေ့၌ မတ်တပ်ရပ်ပြီး စကားပြောရခြင်းကဲ့သို့ လူများကို ကြောက်ရွံ့ခြင်းများစွာ စိမ့်ဝင်စေသောအရာကတော့ ဘာမှမရှိသလောက် ဖြစ်သည်။

ဆူးစက်တွင် ကျွန်တော် စိုက်ပျိုးမွေးမြူရေးလုပ်စဥ်အတွင်း အမျိုးမျိုးသော ဆွေးနွေးပွဲများနှင့် ဧည့်သည်မိန့်ခွန်းပြောသူများနှင့် ညစာစားပွဲများအား တက်ရောက်ရခြင်းကို ကျွန်တော် ပြန်လည်အမှတ်ရမိသည်။ ဟိုဟိုဒီဒီ အရက်ခွက်မြှောက် ဆုတောင်းခြင်းနှင့် မလွဲမသွေ ကျေးဇူးတင်ကြောင်း မဲပေးခြင်းတို့ရှိသည်။ ထိုအခါသမယများတွင် ကျွန်တော်က ကြောက်ကြောက်လန့်လန့်နှင့် ထိုင်နေပြီး နောက်ပွဲမှာ ငါ့ကို မိန့်ခွန်းပြောခိုင်းလေမလားဟု တွေးနေမိသည်။

များစွာသောလူများကဲ့သို့ ကျွန်တော်၏ ယခင်က တစ်ခုတည်းသော လူထုစကားပြော အတွေ့အကြုံမှာ ကျောင်း၌ ၄ မိနစ်ကြာ စကားပြောခြင်း ဖြစ်ပြီး၊ ထိုစကားပြောပွဲမတိုင်မီ ဖြစ်ပျက်ခဲ့သော ၃ ပါတ်ကြာဆင်းရဲဒုက္ခကို ကျွန်တော် ကောင်းကောင်းမှတ်မိနေသည်။ မိန့်ခွန်းပြော

ခြင်းကို ကြောက်လန့်ရန် ကျွန်တော် သတ်မှတ်ပြဋ္ဌာန်းခံခဲ့ရသည်။ ကျွန်တော်ကိုယ်ကိုကိုယ် လူမိုက်တစ်ယောက်ဖြစ်အောင် လုပ်လိမ့်မည်၊ စကားအထစ်ထစ် အငေ့ါငေ့ါ ဖြစ်နေလိမ့်မည်၊ စကားအဆက်အစပ်မရှိ ဖြစ်လိမ့်မည်၊ ကျွန်တော် စကားရှင်းရှင်းလင်းလင်း မပြောနိုင်လောက်အောင် ကတုံကယင်ဖြစ်နေလိမ့်မည် စသဖြင့် ကျွန်တော် ယုံကြည်နေသည်။ အမှန်ပင် မတ်တပ်ရပ်ပြီး၊ မိန့်ခွန်းတစ်ခု ပြောရခြင်းထက် တခြားတစ်စုံတစ်ရာကိုသာ ကျွန်တော်လုပ်ချင်သည်။ ထို့ကြောင့် နှစ်အတော်ကြာ ကျွန်တော် မိန့်ခွန်းမပြောခဲ့ချေ။ များစွာသော အစည်းအဝေးပွဲများတွင် ကျွန်တော်ထိုင်ပြီး နားထောင်သည်။ များစွာသော အခါသမယများ၌ ကျွန်တော့်တွင် စိတ်ဝင်စားစရာကောင်းပြီး၊ ကျွန်တော် မျှဝေပေးသင့်သော အယူအဆများ ရှိသည်ကို သိရှိနေသည်။ သို့သော် ကျွန်တော်ပါးစပ်ပိတ်ထားသည်။

၁၉၆၅ ခုနှစ်တွင် ကျွန်တော်တို့၏ ကုမ္ပဏီမှ ကျွန်တော်တို့ရရှိနေသော ဝင်ငွေနှင့် ထိုခေတ်ကာလ အစိုးရက ချမှတ်သောဈေးနှုန်းများဖြင့် ကျွန်တော် အခက်အခဲအလွန်ဖြစ်လာသောကြောင့် ကျွန်တော် မလှုပ်မယှက်ထိုင်ပြီး၊ အခြားလူများ ကျွန်တော့်အား ပေးထားသည့်အတိုင်းဘဝကို လက်ခံဖို့မဖြစ်နိုင်တော့ကြောင်း ဆုံးဖြတ်သည်။ ကျွန်တော်တို့ ရပ်တည်ရှင်သန်ရမည်ဆိုလျှင် တစ်စုံတစ်ရာ ပြုလုပ်ရမည်ဟု ကျွန်တော်ခံစားမိသည်။ ထိုအချိန်က မရေတွက်နိုင်သော အခြားလယ်သမားကလေးများသည် ဆိုးဝါးစွာ ငွေကြေးအခက်အခဲ တွေ့နေကြသည်။ ထို့ကြောင့် တစ်နေ့တွင် လယ်သမားအယောက် ၄၀ ကို မေဖီးလ်ကျေးရွာ ကားရပ်စခန်းဆီသို့ ကျွန်တော်ခေါ်ပြီး၊ လာမည့် အိစတာဘဏ် ပိတ်ရက်တွင် ဆူးစက်ရှိ လမ်းများအားလုံးကို ပိတ်ဆို့ခြင်းဖြင့် အစိုးရအား ဆန့်ကျင်မှုကို ကျွန်တော်တို့ ပြုလုပ်သင့်သည်ဟု တိုက်တွန်း

သည်။ ကျွန်တော်၏ စိုက်ပျိုးမွေးမြူရေး လုပ်ဖော်ကိုင်ဖက်များ သွေးဆောင်ခံကြရသည်။ အိစတာဘတ် ပိတ်ရက်တွင် ဆူးစက်ရှိ လမ်းများ အမှန်တကယ် ပိတ်ဆို့ခံကြရပြီး၊ ကျွန်တော်၏ မိန့်ခွန်းပြော ခြင်း အသက်မွေးဝမ်းကျောင်းအလုပ် အစပြုခဲ့သည်။

ဤအရာဖြစ်ပြီးနောက် မကြာခင်၌ အချိန်ပြည့်စိုက်ပျိုးမွေးမြူရေး အလုပ်ကို ကျွန်တော် စွန့်ခွာခဲ့ကြောင်း ထပ်ပြောသင့်သည်။ သို့သော် ဤ အရာက လူတစ်ယောက် တကယ်အလိုရှိလျှင် သူလုပ်နိုင်သော တင်ပြ ချက်နှင့် ပတ်သက်စရာ သိပ်မရှိချေ။

လူထုစကားပြောခြင်းက တကယ်ကို အလွန်လွယ်ကူသည်။ လူထု စကားပြောခြင်းအား ဝိုင်းရံနေသော ဒဏ္ဍာရီများနှင့် ယုံတမ်းပုံပြင်များ ကို ဤစာအုပ်ဖြင့် ဖျက်ဆီးဖို့ ကျွန်တော် ကြိုးစားအားထုတ်တော့မည်။ စိတ်ကူးအယူအဆများကို သင်လိုက်နာလျှင်၊ သင်ကောင်းမွန်သော လူထုစကားပြောသူ တစ်ယောက်ဖြစ်လာပြီး၊ လူတစ်ဦးချင်းစီထက်၊ လူ များစွာဖြင့် ပြောဆိုဆက်ဆံရမည့် အခွင့်အလမ်းကို အမှန်တကယ် နှစ် ထောင်အားရ ဖြစ်လိမ့်မည်။ ဟင်နရီဖို့ဒ်က ဤကဲ့သို့ပြောသည်။ ''လုပ်ငန်းအောင်မြင်ခြင်းရဲ့ အကြီးကျယ်ဆုံး လျှို့ဝှက်ချက်က သူ့ရဲ့ အကြံအစည်စိတ်ကူးတွေကို သွေးဆောင်စွာ သိကြားစေနိုင်တဲ့ လူဟာ ရလာဒ်တွေ ဆွဲဆောင်တယ်ဆိုတာကို သိရှိခြင်းဖြစ်နိုင်တယ်''

၁၉၉၀ ပြည့်နှစ်များက ၂၁ ရာစုနှစ်ကို လမ်းဖွင့်ပေးသည့်အတိုင်း ကျွန်တော်တို့အားလုံး အသုံးပြုဖို့အတွက် အံ့ဖွယ်ကောင်းသော ဆက် သွယ်ရေး နည်းပညာကို ရရှိလာသည်။ သို့လင့်ကစား ဩဇာအရှိန်အဝါ၊ အာဏာနှင့် အုပ်ချုပ်ရေး ရာထူးများရှိသော လူများအနေဖြင့် ပြည်သူ ရှေ့တွင် စကားလုံးများဖြင့် ထိရောက်စွာနှင့် သွေးဆောင်နိုင်စွာ ပြောဆို

ဆက်ဆံနိုင်ဖို့က ယခင်ကထက် ပိုမိုအရေးပါလာသည်။

ကြီးကျယ်သော မိန့်ခွန်းပြောသူတစ်ယောက် သင်ဖြစ်ချင်လျှင် ဖြစ်နိုင်သည်။ ၎င်းက သင့်အတွက် အမှန်တကယ် မည်မျှအရေးကြီးသလဲဟု မေးခြင်းဖြင့် သင်အစပြုရမည်။ ကျွန်တော် နောက်တစ်ကြိမ် အလေးထား ပြောပါရစေ။ ၎င်းသည် အခြားလူများအပေါ် တာဝန်ခံသော လူတစ်ယောက် တတ်ထားသင့်သည့် အရေးအကြီးဆုံး ကျွမ်းကျင်မှုဖြစ်သည်။ နောက်ပြီး ကျွမ်းကျင်မှုအားလုံးကဲ့သို့ပင် ၎င်းကို သင်ယူနိုင်သည်။

ကျွန်တော်တို့ နေထိုင်သော ကမ္ဘာက လူများ၏ ကမ္ဘာဖြစ်သည်။ ဤစာအုပ်ထဲတွင် ထိရောက်၍ သွေးဆောင်မှုရှိသော ဆက်သွယ်ပြောဆိုမှု၏ အခြေခံမှုများနှင့် နည်းစနစ်များကို သင့်အား ကျွန်တော် ပြသတော့မည်။ အသေးစိတ်၊ ပုံသေမိန့်ခွန်းစကားများကို ကျွန်တော် ဖော်ပြမည် မဟုတ်ပါ။ အဆက်မပြတ် ဖြစ်နေသော အကြောင်းအရာက ကျွန်တော်တို့ ဘာပြောသလဲ မဟုတ်ပေ။ ကျွန်တော်တို့ ဘယ်လိုပြောသလဲ ဖြစ်သည်။

*

# အခန်း - ၁
# သင်၏စကားပြောဆိုခြင်းကို ရောင်းချပါ

ထိရောက်သော စကားပြောခြင်းအားလုံးကို တည်ဆောက်သော အခြေခံအုတ်မြစ်က အောက်ပါဖော်ပြချက်ကို လက်ခံခြင်း၊ ယုံကြည်ခြင်းနှင့် သိနားလည်ခြင်းဖြစ်သည်။

လူများသည် ပရိသတ်ကို မတ်တပ်ရပ်စကားပြောကြသောအခါ အရာဝတ္ထုနှစ်ခုထဲမှ တစ်ခုကို လုပ်သင့်သည်။

ဤဖော်ပြချက်ကို ရှင်းရှင်းလင်းလင်းလုပ်ရန်၊ ဤစာအုပ်ထဲမှ အကြံပေးချက်သည် တိုက်ရိုက်တင်ပြခြင်းများနှင့် ပတ်သက်ပြီး၊ ရေဒီယို သို့မဟုတ် ရုပ်မြင်သံကြားအတွက် ကိုက်ညှိပြုပြင်မထားကြောင်း ကျွန်တော်အလေးထား ဖော်ပြပါရစေ။ များစွာသောအမှုကိစ္စများတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအတွက် နည်းစနစ်များက ပရိသတ်အား တိုက်ရိုက်စကားပြောခြင်းနှင့် လုံးဝ ဆန့်ကျင်နေနိုင်သည်။

ထို့ကြောင့် လူထုရှေ့စကားပြောခြင်းသည် ဖျော်ဖြေခြင်း ကျင့်စဥ်သော်လည်းကောင်း၊ ရောင်းချခြင်း ကျင့်စဥ်သော်လည်းကောင်း ဖြစ်သည်ဟူသော ဖော်ပြချက်ဆီသို့ ပြန်သွားကြစို့။ ဖျော်ဖြေမှုအား ကျွန်တော် နားလည်ခြင်းကို ချက်ချင်းရှင်းလင်းကြစို့။ ဖျော်ဖြေမှုက မတ်တပ်ရပ် ဖျော်ဖြေသော လူရွှင်တော် သို့မဟုတ် ညစာစားပွဲ မိန့်ခွန်းအမျိုးအစားအချို့ ပါဝင်သည်။ ထို့ကြောင့် လူထုရှေ့ လူများစကားပြောဖို့

အတွက် အခွင့်အလမ်းများက ဖျော်ဖြေခြင်းအတွက်ထက်၊ ရောင်းချခြင်း အတွက် အခွင့်အလမ်းများဖြစ်ကြသည်။ ကျွန်တော်က တရားသေဖြစ် လွန်းသောကြောင့်၊ ဖျော်ဖြေခြင်းအမျိုးအစားကို ဖယ်ရှားလိုက် သောအခါ စကားပြောခြင်းအားလုံးသည် ရောင်းချခြင်းဖြစ်စဥ်တစ်ခု ဖြစ်သင့်သည်။

ကျွန်တော်၏ သင်တန်းကို တက်ခဲ့ကြသော သင်တန်းသား အများစု ကဲ့သို့ သင်၏ ကနဦးတုံ့ပြန်မှုက နောက်ဆုံးဖော်ပြချက်သည် မတိကျရုံ သာ မကဘဲ၊ အတော်လည်း လွန်ကဲနေသည်ဟု ဖြစ်လိမ့်မည်။

## ဟောပြောခြင်းအားလုံးသည် ရောင်းချခြင်းဖြစ်သည်

သင့်ကို ကျွန်တော် မေးပါရစေ။ ဟောပြောသူတစ်ယောက်က သူ မ ရောင်းချသော ပရိသတ်နှင့် ဆက်သွယ်ပြောဆိုနေသောအခါ ဘာ အဖြစ်အပျက် ရှိလာသနည်း။

သာမန်အားဖြင့် သတိပြုမိသော ပထမဆုံး နမူနာက ကျောင်းဆရာ ဖြစ်သည်။ ကျွန်တော်တို့၏ ကျောင်း၊ ကောလိပ် သို့မဟုတ် တက္ကသိုလ် အချိန်ကာလများကို ကျွန်တော်တို့ ပြန်စဥ်းစားကြည့်လျှင် ကျွန်တော်တို့ အားလုံးသည် ကျောင်းဆရာများ သို့မဟုတ် တက္ကသိုလ်ကထိကများ အား နားထောင်ရသည့် အတွေ့အကြုံကို ဝမ်းနည်းဖွယ်ကောင်းစွာ ခံစားခဲ့ကြရသည်ကို ကျွန်တော် ကျိန်းသေပြောနိုင်သည်။ သူတို့က သူ တို့၏ ဘာသာရပ်နှင့် ပတ်သက်၍ မယုံကြည်နိုင်စရာကောင်းသော ဗဟုသုတများ ရှိကြသည်။ သို့သော် ကျွန်တော်တို့အား သူတို့ စကားပြောနေကြစဥ် ကျွန်တော်တို့ ငြီးငွေ့လာကြပြီး ကျွန်တော်တို့၏ အာရုံက တောင်ရောက်၊ မြောက်ရောက် ဖြစ်လာကာ သူတို့ ပြောနေ

သောအရာများကို ကျွန်တော်တို့ နားပင်မလည် ဖြစ်လာနိုင်သည်။

အသေအချာပင် သူတို့၏ ဗဟုသုတကို နားထောင်သူများ၏ စိတ်ဆီသို့ လွှဲပြောင်းပေးပို့ခြင်းက ဤဆက်သွယ်ပြောဆိုသူများ၏ တာဝန်ဖြစ်သည်။ သို့မှသာ နားထောင်သူများအနေဖြင့် ဆက်သွယ်ပြောဆိုနေသော တင်ပြချက်ကို လက်ခံချင်လည်း လက်ခံမည်။ သို့မဟုတ် ဆန့်ကျင်ငြင်းခုန်ချင်းလည်း ငြင်းခုန်မည်။ ပညာဗဟုသုတ လွှဲပြောင်းခြင်းက အတိအကျကို အရောင်းဖြစ်စဥ်တစ်ခု ဖြစ်သည်။ သူတို့၏ တင်ပြချက်ကို သူတို့၏ ကျောင်းသားများ လက်ခံဖို့က ပညာပေးသူများ၏ တာဝန်ဖြစ်သည်။ လက်ခံမှုပေါ်တွင် အရောင်းဖြစ်စဥ် ဖြစ်ပေါ်သည်။

နောက်ထပ် နမူနာတစ်ခုကို ယူကြစို့။ ဘုရားကျောင်းမှ တရားဟောဆရာကရော မည်သို့နည်း။ အသေအချာပင် ဤအရာက အရောင်းဖြစ်စဥ် မဟုတ်ဘူးလား။ အသေအချာကို ဟုတ်သည်။ သူတို့၏ ယုံကြည်မှုများကို ရောင်းချခြင်း၏ အရေးကြီးမှုကို နားလည်ရန် တရားဟောဆရာ အလွန်အနည်းအကျဥ်းသာ သင်ကြားပြသခံရခြင်းမှာ အလွန်ဝမ်းနည်းစရာကောင်းသည်။ ၎င်းကြောင့် ဘုရားကျောင်းအများစုမှာ ခုံတန်း နှစ်တန်း၊ သုံးတန်းလောက်ကို လူဖြည့်ဖို့ အခက်အခဲရှိနေကြခြင်းဖြစ်သည်။ ကမ္ဘာ့အကြီးကျယ်ဆုံး ခရစ္စယန်တရားဟောဆရာ ဘီလီဂရာဟမ်ကမူ သမ္မာကျမ်းစာကို သူ၏ တင်ပြချက် အခြေခံအဖြစ် အသုံးပြုလျက် ဘောလုံးကွင်းတစ်ကွင်းကို လူဖြည့်နိုင်သည်။

သူက ဒေသတွင်း ဘုရားကျောင်းမှ ဒေသတွင်း တရားဟောဆရာထက်၊ သူ၏ ဘာသာရပ်တွင် ပိုမိုကြီးကျယ်သော ယုံကြည်သူတစ်ယောက် မဟုတ်ချေ။ သို့သော် သူက သူ၏တင်ပြချက်ကို အလွန်အင်အားကောင်းစွာ သွေးဆောင်လာစေနိုင်သော၊ ထိရောက်သည့် ဆက်

သွယ်ပြောဆိုမှုကို နားလည် တတ်ကျွမ်းသည်။

နောက်ထပ် နမူနာများကို ကြည့်ကြစို့။

မင်္ဂလာဆည့်ခံပွဲတစ်ခု၌ သတိုးသားရုံကရော ဘယ်လိုလဲ။ အမှန်ပင် သူရောင်းချနေသည်။ သူက အပျိုရံများကို မင်္ဂလာပွဲလာ ဧည့်သည်များ အား ရောင်းချနေသည်။ သူတို့၏ ဆွဲဆောင်မှုရှိသော အဝတ်အစားများ ဖြင့် သူတို့ လှပနေပုံ စသဖြင့်ကို ရောင်းချသည်။ အခြားတစ်ဖက်ကမူ သတိုးသားက သူ၏ ယောက္ခမ (အမ) ကို ရောင်းချသည်။ သူဘာလုပ် သလဲ။ သူက သူမကို မင်္ဂလာဧည့်ခံပွဲ စီစဉ်မှုများအတွက် ကျေးဇူးတင် သည်။

ကျွန်တော်တို့ ချက်ချင်းသဘောတူမည်ဟု ကျွန်တော် ကျိန်းသေသိ နေသော အများပြည်သူရှေ့ စကားပြောခြင်းနယ်ပယ်တစ်ခုက ဝတ်လုံတော်ရရှေ့နေ ဖြစ်သည်။ ကျွန်တော်တို့ သိကြသည့်အတိုင်း ဤ အရာက အသေအချာကို ရောင်းချခြင်း ကျင့်စဉ်တစ်ခု ဖြစ်သည်။ ရှေ့နေ က ဂျူရီလူကြီးအဖွဲ့ကို တရားခံ အပြစ်မရှိကြောင်း သို့မဟုတ် အပြစ်ရှိ ကြောင်း သိရှိအောင်လုပ်သည်။ အခြားတစ်ဖက်ကမူ တရားသူကြီးက လုံးဝဘက်မလိုက်ဘဲ၊ သူ၏တာဝန်က ဥပဒေကို ရောင်းချခြင်းဖြစ်သည် ဟု လူတစ်ယောက်အနေဖြင့် မျှော်လင့်ရသည်။

## ရောင်းချခြင်း၏ ချွတ်ယွင်းခြင်း အမှတ်လက္ခဏာ

ဤအခန်းက အများပြည်သူရှေ့ ပြောဆိုဆက်ဆံမှုတွင် ရောင်းချ ခြင်း၏ အရေးကြီးမှုကို နားလည်လက်ခံရန် မဖြစ်မနေ လိုအပ်ကြောင်း ဖော်ပြချက်ဖြင့် အစပြုသည်။

များစွာသောလူများ အဖို့မူ၊ ရောင်းချခြင်းနှင့် အရောင်းလူတို့နှင့်

ဆက်နွယ်သော ချွတ်ယွင်းခြင်း အမှတ်လက္ခဏာတစ်ခု ရှိနေသည်။ လွှမ်းမိုးကြီးစိုးနေသော အမြင်က ရောင်းချခြင်းသည် နှစ်လိုဖွယ် ကောင်းသော အသက်မွေးဝမ်းကြောင်း အလုပ်တစ်ခု မဟုတ်ခြင်းနှင့် အရောင်းလူများက ကံမကောင်းသော စရိုက်လက္ခဏာများ ရှိတတ်ခြင်း ဖြစ်သည်။ သူတို့က တွန်းအားပေးကြသည်။ သူတို့က ရယ်စရာကောင်း သော မျက်နှာပေးများဖြင့် ထွက်လာကြသည်။ ဘုရားကယ်သဖြင့် ဤ ချွတ်ယွင်းခြင်း အမှတ်လက္ခဏာက အလျင်အမြန် လျော့နည်းလာပြီး၊ ရောင်းချခြင်းပညာကို အရေးအကြီးဆုံး အသက်မွေးဝမ်းကြောင်း ပညာ များထဲမှ တစ်ခုအဖြစ် လက်ခံလာကြသည်။ အရောင်းဖြစ်ပေါ်ပြီး အ ရောင်းလူများက လူများနေထိုင်စားသောက်ဖို့အတွက် ပိုက်ဆံများ ယူလာမှသာ ကမ္ဘာပေါ်၌ တစ်စုံတစ်ရာ ဖြစ်ပျက်နိုင်သည်။

သင်ထိုင်နားထောင်ခဲ့သော မိန့်ခွန်းများနှင့် တင်ပြချက်များအားလုံး ကို မိနစ်အနည်းငယ်ကြာ စဉ်းစားကြည့်ပါ။ စိတ်ဝင်စားမှု သို့မဟုတ် ကျေနပ်အားရမှုဖြင့် သင်ချက်ချင်း မှတ်မိသော ဟောပြောပွဲများသည် ဟောပြောသူက အကြောင်းအရာကို ဟောပြောရုံ ဟောပြောခြင်းထက် သူတို့ဟောပြောနေသော အကြောင်းအရာကို ရောင်းချသော ဟောပြောပွဲများ ဖြစ်သည်ဟု ကျွန်တော် ထင်မြင်ချက် ပေးပါရစေ။

## အောင်မြင်သော ပြောဆို ဆက်သွယ်မှုအတွက် နည်းစနစ် တစ်ခု

ဤစာအုပ်ထဲတွင် ဖော်ပြမည့်အရာက သင်၏ ပရိသတ်များနှင့် သင့် အား နားထောင်နေကြသူများကို သင်ပြောဆိုရသည့်အရာအား နှစ် ထောင်းအားရ လက်ခံစေမည့် သွေးဆောင်သော ကျွမ်းကျင်မှုများကို အသုံးပြုလျက် သင်၏အကြောင်းအရာအား အောင်မြင်စွာ ကြားသိစေဖို့

အတွက် နည်းစနစ်တစ်ခုဖြစ်သည်။

နိုင်ငံအတွင်းမှ အကြီးကျယ်ဆုံး မိန့်ခွန်းပြောသူတချို့ ယုံကြည်ခံထိုက်မှု အများအပြား ဆုံးရှုံးကြရခြင်းမှာ အဘယ်ကြောင့်နည်း။ နိုင်ငံရေးသမားများအကြောင်း ကျွန်တော်ပြောနေသည်ဟု သင်ထင်မြင်ကောင်း ထင်မြင်လိမ့်မည်။ ယုံကြည်ခံထိုက်မှုဖြင့် ပြောဆိုသောလူ အလွန်အနည်းအကျဉ်းသာ ရှိသည်။ ပရိသတ်ကို လှုံ့ဆော်နိုင်သောလူက ပို၍ပင်နည်းပါးသည်။ လူများကို လှုံ့ဆော်ပြီး သူတို့၏ အယူအဆများကို ရောင်းချနိုင်သော လူများက ဒီထက်ပင် ပိုမိုနည်းနေသည်။

လူထုဟောပြောပွဲအားလုံးကို သင်စဥ်းစားလျှင် အဆိုးဝါးဆုံး အပြစ်များကို ကျူးလွန်သူများက နိုင်ငံရေးသမားများ ဖြစ်ကြသည်။ ကောင်းသော လူထုစကားပြောခြင်းကို ဟောပြောသူတစ်ယောက် ဟောပြောနိုင်သော အချိန်ပမာဏဖြင့် မဆုံးဖြတ်သင့်ချေ။ သို့မဟုတ် မှတ်စုများမပါဘဲ ဟောပြောနိုင်စွမ်းဖြင့် မဆုံးဖြတ်သင့်ချေ။ သို့မဟုတ် တစ်နှစ်အတွင်း ပြုလုပ်သော ဟောပြောပွဲ အရေအတွက်ဖြင့် မဆုံးဖြတ်သင့်ချေ။ ကောင်းသော လူထုဟောပြောသူများကို သူတို့ ပရိသတ်၏ တုံ့ပြန်မှုဖြင့် ဆုံးဖြတ်သင့်သည်။

နိုင်ငံရေးသမားများကို ဤမှတ်ချက်များဖြင့် ကျွန်တော် ပြစ်တင်ရှုတ်ချနေသည်ဟု အထင်ရောက်စေနေလျှင် ၎င်းကို ကျွန်တော် ပြင်ဆင်ပါရစေ။ ကျွန်တော်တို့ လူအဖွဲ့အစည်း၏ ဤအစိတ်အပိုင်းထဲတွင် ထက်မြက်သော မိန့်ခွန်းပြောသူ၊ ဟောပြောသူများရှိသည်။ လူအနည်းငယ်ကို ကျွန်တော်စာရင်း လုပ်ပါရစေ။

- ဝင်စတန်ချာချီ

- အီနော့ချ်ပါဝဲလ်

- မိုက်ကယ်မု

- နေကင်နော

- ဟာရိုလ်မက်မီလန်

ဤစာအုပ်ကို သင်ဖတ်ပြီး လမ်းညွှန်ချက်များကို လိုက်နာလျှင် သင်နောက်ထပ် ဝင်စတန်ချာချီ သို့မဟုတ် မိုက်ကယ်မု ဖြစ်လိမ့်မည်ဟု ကျွန်တော် ကတိမပေးချေ။ ဤအရာက ဤစာအုပ်၏ ရည်ရွယ်ချက်မဟုတ်ပေ။ ရည်ရွယ်ချက်က စာဖတ်သူကို အရေအတွက် များပြားသောလူများနှင့် ပြောဆိုဆက်ဆံရာတွင် ထိရောက်သော၊ ယုံကြည်စိတ်ချမှုရှိသော၊ သွေးဆောင်သော၊ ပြောဆိုဆက်ဆံသူတစ်ယောက် ဖြစ်လာနိုင်စေရန် ဖြစ်သည်။

## အရောင်းလူတစ်ယောက်က ဘာလဲ

အရောင်းလူကို အရိုးရှင်းဆုံး ဖော်ပြရလျှင် အရောင်းလူတစ်ယောက်သည် လူများကို စိတ်ဆုံးဖြတ်ချက်ပြုလုပ်ရန် ကူညီသူဖြစ်သည်။ ကျိုးကြောင်းသင့်သော အမှုတစ်ခုကို ဆုံးဖြတ်ချက်ပြုလုပ်ဖို့အတွက် စိတ်ခံစားချက်ဆိုင်ရာ အကြောင်းရင်းတစ်ခု ထောက်ပံ့ပေးခြင်းဖြင့် ဤအရာကို ထိထိရောက်ရောက် အောင်မြင်ပြီးမြောက်နိုင်သည်။

ကောင်းသောအရောင်းလူသည် တစ်စုံတစ်ရာကို ရောင်းချနိုင်သည်ဟု အများအားဖြင့် ပြောကြသည်။ ဤအရာက မမှန်ကန်ချေ။ ကောင်းသောအရောင်းလူသည် သူယုံကြည်သော တစ်စုံတစ်ရာကိုသာရောင်းချနိုင်သည်။ ၎င်းကြောင့် ကျွန်တော်တို့၏ နိုင်ငံရေးသမားများအခက်အခဲ တွေ့ကြခြင်းဖြစ်ကောင်းဖြစ်မည်။

ကောင်းသော၊ ပညာရှင်ဆန်သော အရောင်းလူများက သူတို့ သွေးဆောင်မှုရှိရမည်ကို သိရှိကြသည်။ သို့သော် အခြားလူများကို သူတို့ အမှန်တကယ် စိတ်ဝင်စားပြီး မှန်ကန်သော မေးခွန်းများ မေးခြင်းဖြင့် လုံလောက်သော သတင်းအချက်အလက်ရရှိမှသာလျှင် သူတို့ သွေးဆောင်မှု ရှိနိုင်လိမ့်မည်။

ပညာရှင်ဆန်သော အရောင်းလူများက သူတို့၏ တင်ပြချက်များကို ကောင်းစွာပြင်ဆင်ပြီး၊ စားသုံးသူ သို့မဟုတ် ဖောက်သည်၏ စိတ်ဝင်စားမှု အကြောင်းပြောသည်။ ပညာရှင်ဆန်သော အရောင်းလူက သူတို့၏ အရောင်းတင်ပြချက်များကို ပုံတိုပတ်စများနှင့် နမူနာများဖြင့် ဖော်ပြကြပြီး ''ငါလိုချင်တယ်'' ဟုသော ခံစားချက်ဖြစ်အောင် လုပ်ကြသည်။ တစ်ချိန်တည်း၌ သူတို့က ထုတ်ကုန်ပစ္စည်းတစ်ခု သို့မဟုတ် ဝန်ဆောင်မှုတစ်ခု၏ အဖြစ်မှန်များနှင့် ကြန်အင်လက္ခဏာများကို ထိထိရောက်ရောက်၊ ရှင်းရှင်းလင်းလင်း ကြားသိစေကြသည်။ နောက်ဆုံး၌ သူတို့က အလုပ်တောင်းဆိုခြင်းဖြင့် သူတို့၏ တင်ပြချက်များကို ပိတ်သိမ်းကြသည်။

သင့်အတွက် စကားပြောနည်းကို ကျွန်တော်တို့ လေ့လာကြသည့်အတိုင်း ရောင်းချခြင်းနှင့် ထိရောက်သော လူထုစကားပြောခြင်း အကြား အလားသဏ္ဍာန်တူမှုက အလွန်ရှင်းလင်းလာလိမ့်မည်။ အဆုံးသတ်၌ လက်တွေ့ အမှန်ဖြစ်ကြစို့။ ၎င်းက ကောင်းသော သာမန်နားလည်မှုဖြစ်သည်။

ဤစာအုပ်က ပရိသတ်ရှေ့၌ ကျွန်တော်တို့ မတ်တပ်ရပ်စကားပြောရသောအခါ ကျွန်တော်တို့ ကောင်းစွာ ဟောပြောနိုင်လိမ့်မည်ဟု ယုံကြည်စိတ်ချပြီး၊ ကျွန်တော်တို့ စကားပြောပြီးသောအခါ ကျွန်တော်

တို့၏ တင်ပြချက်က လိုရာကိုရောက်မည်ဟု သိရှိကြသော လူအများစု အကြောင်း ဖြစ်သည်။ သို့သော် အောင်မြင်သော ဟောပြောသူတစ်ယောက်ဖြစ်ရန် သင်သွေးဆောင်မှု ရှိရမည်ကို အမှတ်ရပါ။

*